# စစ်တပ်ကို အသုံးချနေတာ ဘက်အားလုံးက ရပ်ရမယ်

အမျိုးသားလုံခြုံရေးနဲ့အစိုးရတည်ငြိမ်ရေးဆိုတာ ဆက်လည်းဆက်စပ်၊ တသီးတခြားစီလည်းဖြစ်တဲ့ ကိစ္စ ၂ ရပ်ဖြစ်တယ်။ ဘာလို့လဲဆိုတော့ ဒီ၂ခုရောယှက်နေတာကသာ တ ခုမှ မဖြေရှင်းဘဲ မထင်မှတ်တဲ့ အပြောင်းအလဲတွေကို တွန်းအားပေးတာ ဖြစ်လို့ပါ။

ဒါပေမဲ့ ထိုင်းနိုင်ငံဟာ ပြဿနာအတော်များများကြုံနေတာကြောင့် ကိစ္စနှစ်ရပ်ဟာ မှုံဝါးသွားတယ်။ ညွှန့်ပေါင်းအစိုးရနဲ့ အတိုက်အခံပါတီထဲက နိုင်ငံရေးသမားတွေဟာ နိုင်ငံတော်ယန္တရားကို သူတို့အုပ်စုအကျိုးအမြတ်အတွက် ကြိုးကိုင် ချယ်လှယ်ဖို့ ကြိုးစားနေ တယ်။ ဒါကို ဆက်ခွင့်ပြုမယ်ဆိုရင် ဒီမိုကရေစီရဲ့အနာဂတ်ဟာ အန္တရာယ် အကြီးအ ကျယ် တွေ့တော့မှာဖြစ်တယ်။ ဘာလို့လဲဆိုတော့ လုံခြုံရေးယန္တရားအတွက် အလွန်အ ရေးကြီးတဲ့ တပ်မတော်ဟာ နိုင်ငံရေး ညီမျှဖို့ဆိုတာမှာ မပါမဖြစ် ပါလာရမယ့် အကြောင်း အချက် ဖြစ်လာတော့မှာ မိုလို့ပါ။ အာဏာသိမ်းတယ် ဆိုတာကလည်း ဒီမိုကရေစီမှာ အဓိကကျတဲ့ မကောင်းမှုတခုပါ။

အရေးပေါ်အခြေအနေဆုံးဖြတ်ရေးဗဟိုဌာန (အခဆဗ) အရှည်တည်ရှိနေခြင်းဟာ အစိုးရရှင်သန်ရေးသည် အမျိုးသား အကျိုးစီးပွား၏အချက်အချာ ဖြစ်သည်ဆိုတဲ့ မှားယွင်းတဲ့ စိတ်ကူးကိုဖော်ပြတဲ့ ဖြစ်ရိုးဖြစ်စဉ် အခြေအနေတရပ် ဖြစ် တယ်။ လတ်တလောပေါ်လာ တဲ့ အရေးပေါ်အခြေအနေအရ (အခဆဗ) ဟာ အသက်ဝင်လာတယ်။ အရေးပေါ် အ ခြေအနေ မရှိတော့တဲ့ နောက်မကြာမီမှာ ဒါကို ဖျက်သိမ်းရမှာဖြစ်တယ်။ ဒီလိုမဟုတ်ဘဲ အမြဲတန်းရှိရမယ့် အဆောက်အအုံလို တစတစ ဖြစ်လာနေတယ်။

ဧပြီလ၊ အစိုးရက အရေးပေါ်အခြေအနေကြေညာတဲ့အချိန်မှာ သူ့ရဲ့တရားစီရင်ပိုင်ခွင့် အာဏာက ရုပ်နီတွေကို ထိန်း ချုပ်ဖို့၊ အထူးသဖြင့် ရုပ်နီတွေ အကြမ်းဖက်မှုဘက် ရောက်မသွားအောင် ထိန်းချုပ်ဖို့ဖြစ်တယ်။ ဒီမိုကရက်တွေက (အခဆဗ) ကို ဆမတ်နဲ့ ဆုမ်ချိုင်းဝေါင်ဆဝပ် တို့ အုပ်ချုပ်ရေးယန္တရားက ပြဋ္ဌာန်းလိုက်တဲ့ မအောင်မြင်တဲ့ အရေး ပေါ် အုပ်ချုပ်ရေးအတွက် ဖြေဆေးလို့ မြင်တယ်။ ဆမတ်နဲ့ဆုမ်ချိုင်းတို့ရဲ့ အုပ်ချုပ်မှု အောက်မှာ အရေးပေါ်ဥပဒေဟာ စက္ကူကျားဖြစ်လာတယ်။ ဘာလို့လဲဆိုတော့ ထိပ်တန်း ဗိုလ်ချုပ်ကြီးတွေဟာ ရုပ်ဝါတွေနဲ့ ရင်ဆိုင်ရာမှာ တခုခုလုပ်ဖို့ ဆုံးဖြတ်ချက်တွေ မချနိုင်တဲ့ အတွက် ဖြစ်တယ်။ ရုပ်ဝါတွေဟာ နိုင်ငံရေးလှုပ်ရှားတက်ကြွသူတွေဖြစ်ပေမဲ့၊ မှုမမှန်တဲ့ အမျိုးသား လုံခြုံရေး အကြောင်းပြချက်တွေအောက်မှာ သူတို့ရှင်သန်ရေးကို ခြိမ်းခြောက် နေတဲ့သူတွေ ဖြစ်တယ်လို့ အရင်အစိုးရ ၂ ဖွဲ့စလုံးက သတ်မှတ်ထားပါတယ်။

ညွှန့်ပေါင်းအစိုးရကြီးကြပ်သူတွေရဲ့ကြီးကြပ်မှုအောက်မှာ အဓိကရုန်းနိမ်နင်းမှုတွေ ဆောင်ရွက်ဖို့ (အခဆဗ) ကို ဒီမို ကရက်တွေက ဖွဲ့စည်းခဲ့တာပါ။ အဆင့်ဆင့်ဖွဲ့စည်းမှု တွေ ရှိပေမဲ့လည်း လုံခြုံရေးကိစ္စတွေ ဆောင်ရွက်ဖို့ တကယ့် အာဏာကို ကြည်းတပ်စစ် ဦးစီးချုပ်အပါအဝင် ထိပ်တန်း ဗိုလ်ချုပ် လက်တဆုပ်စာလက်ထဲမှာပဲ စုထားတာ ဖြစ် တယ်။ ဝန်ကြီးချုပ်အပါအဝင်(

အခဆဗ) ကြီးကြပ်သူတွေဟာ ဟန်ပြခေါင်းဆောင်တွေ သာဖြစ်တယ်။ တကယ်လို့ ဧပြီလ ၁၀ ရက်နေ့ သွေးထွက်သံယိုဖြစ်ပွားမှုကို ရောင်နီခြိမ်း ခြောက်မှုအန္တရာယ်ဟာ တကယ်ဖြစ်ပြီး စစ်သားတွေရဲ့ ရက်ရက် စက်စက်သတ်ဖြတ်မှု ကို အာမခံတယ်ဆိုပြီး ထိပ်တန်းအုပ်စုတွေအတွက် တက်ကြွတဲ့တောင်းဆိုမှုတရပ်လို အ သုံးမချ ဘူးဆိုရင် ရှပ်နီဆန္ဒပြပွဲကြီးဟာ မတူတဲ့အလှည့်အပြောင်းတခုကို ရကောင်းရ သွားနိုင်ပါတယ်။

မေလမှာ တပ်မတော်ဟာ ရှပ်နီဆန္ဒပြပွဲတွေကို အဆုံးသတ်ခဲ့ပါတယ်။ ထိပ်တန်းဗိုလ်ချုပ် တွေဟာ အစိုးရကို ကူညီဖို့ အတွက် ဒါမှမဟုတ် တပ်မတော်ကိုကာကွယ်ဖို့အတွက် ရှပ်နီ လှုပ်ရှားမှုကို ထိန်းချုပ်ခဲ့သလားဆိုတာ အငြင်းပွား စရာတွေ ကျန်နေပါတယ်။ ရှပ်နီတွေ ဟာ ဖရဲသီးစစ်သား (အပြင်ကစိမ်းပေမဲ့အတွင်းကနီနေတာကိုဆိုလို) တိုးပွားရေးကို မွေး ထုတ်ခဲ့သလိုပဲ တပ်မတော်ရာထူးခန့်ထားမှုအတွင်းက မကြေဘူးတဲ့ သဘောကွဲလွဲမှုတွေ ကို လည်း မီးထိုးပေး တယ်ဆိုတာ လျှို့ဝှက်ချက်မဟုတ်ပါဘူး။

ညွန့်ပေါင်းနဲ့အတိုက်အခံနိုင်ငံရေးသမားတွေက သူတို့ရဲ့ညဏ်ရည်ပြိုင်ပွဲမှာ (အခဆဗ) ကို ဆွဲဆောင်ဖို့ ပြောင်ကြိုးစား ပါတယ်။ အာဏာချိန်ခွင့်လျှာ ညှိဖို့အတွက်ဆို ထိပ်တန်း ဗိုလ်ချုပ်တွေဟာ ပျိုးတိုင်းကြိုက်တဲ့ နှင်းဆီခိုင်တွေ ချက်ချင်း လက်ငင်း ဖြစ်လာပါတယ်။ (အခဆဗ) ရှိနေတာ ကြာလေလေ နိုင်ငံရေးစနစ်အတွက် ပိုပိုပြီး အန္တရာယ်များလာ လေ လေ ဖြစ်လာပါမယ်။ ဘာလို့လဲဆိုတော့ ဒါဟာ ဗိုလ်ချုပ်ကြီးတွေအတွက် အာဏာရရေး တံခါးဝ ဖြစ်လို့ပါပဲ။ စစ်တပ်ကို ကစားတာဟာ အာဏာသိမ်းတာနဲ့ပဲ အဆုံးသတ်ဖို့ များ တယ်ဆိုတဲ့ အတိတ်က ပဋိပက္ခတွေကို သင်ခန်းစာအနေနဲ့ အသုံးချသင့်တယ်။

၂၀၀၆ ခုနှစ် အာဏာမသိမ်းက ဝန်ကြီးချုပ်ထပ်စင်ရှီနာဝပ်ထရာနဲ့ ရှပ်ဝါတွေ တယောက် နဲ့ တယောက် တိုက်ခိုက်ကြတယ်။ ဘက်အသီးသီးရဲ့မဟာဗျူဟာမှာ စစ်တပ်အ သုံးချ ရေးက ထင်ထင်ရှားရှား ပါဝင်လာတယ်။ ရှပ်ဝါတွေကို နှိမ်နင်းဖို့ စစ်တပ်ကို စည်းရုံးဖို့ ထပ်စင်က မီးစိမ်းပြခဲ့တယ်။ စစ်သားတွေကို စည်းရုံးဖို့ သူ့ရဲ့ကြိုးစားမှုက သူ့ဘက်ကိုပဲ ပြန် လှည့်လာပြီး နောက်ဆုံး သူ-ကျဆုံးတဲ့အထိ ဖြစ်လာတာပဲ။

(အခဆဗ) လုပ်ပိုင်ခွင့်အောက်မှာ ထိပ်တန်းဗိုလ်ချုပ်ကြီး အနည်းစုက အာဏာအများအ ပြားကို ကိုင်တွယ်အသုံးချနိုင်တယ်။ ရာထူးယူပြီး တပတ်မပြည့်ခင်မှာ ကြည်းတပ်စစ်ဦး စီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ်ချန်အိုချား က အာဏာသိမ်းမယ်ဆိုတဲ့ ခန့်မှန်းပြောဆိုချက် တွေကို ပယ်ချလိုက်ပါတယ်။ အတိတ်က အာဏာသိမ်းမှုတွေမှာလည်း ဒီလိုငြင်းဆိုမှုမျိုး တွေ အမြဲတန်း ဖြစ်ဖူးတာပါပဲ။ တကယ်လို့ ဒီမိုကရေစီ ရှေ့ဆက်သွားမယ်ဆိုရင်တော့ ညွန့်ပေါင်းနဲ့အတိုက်အခံ နိုင်ငံရေးသမားတွေဟာ တယောက်နဲ့ တယောက်အသာစီးရဖို့ စစ်တပ်ကို အသုံးချနေတာကို ရပ်ရပါမယ်။

အောက်တိုဘာ ၁၂၊ ၂၀၁၀ (The Nation)